
ထန်ခဲ့ ကျေးရွာ
တီးတန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
(၂၀၂၂-၂၀၂၆)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထန်ခဲ့ ကျေးရွာ၊ တီးတိန်မြို့နယ်
(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

အကြောင်းအရာ **စာမျက်နှာ**

(၁) စကားချီး ၁

(၂) ထန်နွဲကျေးရွာ၏ သယံဇာတပြမြေပုံ ၂

(၃) တည်နေရာနှင့်ပတ်ဝန်းကျင်အနေအထား ၃

(၄) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၃

(၅) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၃

(၆) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၄

(က) သီးနှံစိုက်ပျိုးရေး ၄

(ခ) မွေးမြူရေးလုပ်ငန်း ၄

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၄

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၄

(၇) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၅

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၅

(ခ) ကျေးရွာမီးလင်းရေး ၅

(ဂ) သတင်းနှင့်ဆက်သွယ်ရေး ၅-၆

(၈) ပညာရေး ၅

(၉) ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၆

(၁၀) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၆

(၁၁) ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ ၆-၇

(၁၂) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၇

(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း နောက်ဆက်တွဲ(က)

(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ နောက်ဆက်တွဲ(ခ)

(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု နောက်ဆက်တွဲ(ဂ)

(၄)အဆိုပြုစီမံချက်လုပ်ငန်းများ နောက်ဆက်တွဲ(ဃ)

ဦးစားပေးစီမံချက် အဆိုပြုလွှာများ (၆)

စကားချီး

ကျွန်တော်တို့ထန်နွဲကျေးရွာသည် ၁၇၇၀ခုနှစ်တွင် စတင်တည်ထောင်ပြီး ဖူနွမ်းအုပ်စုတွင် ကျေးရွာ(၄)ရွာပေါင်းစည်း၍ ဖွဲ့စည်းထားသော ကျေးရွာဖြစ်ပါသည်။

ထန်နွဲကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၃၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၃၇ခုနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့၏ လူအများပါဝင်ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်သည်။ ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ဖြစ်မြောက်နိုင်ရေးအတွက် အဘက်ဘက်တွင် ကူညီပံ့ပိုးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့သည် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ယခုတွင် လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲးရေး ကျွမ်းကျင်သည့်အဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။


ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မှဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအကောင်အထည်ဖော်မည့် ဗျူဟာများ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာများ စီမံချက်ရေးဆွဲခြင်းအပေါ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်၍ အကူအညီများ ပံ့ပိုးပေးမည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ဤစီမံချက်တွင် ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဝန်ဆောင်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားသည့်အပြင် စီမံကိန်းဆိုင်ရာအချက်အလက်များ အကြောင်းအရာများ၊ အဆိုပြုလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ထန်နွဲကျေးရွာ၊ တီးတိန်မြို့နယ်

ရက်စွဲ၊ ၂၀၂၂ခုနှစ် ဒီဇင်ဘာလ ရက်

ထန်နွဲ ကျေးရွာသယံဇာတပြမြေပုံ



တည်နေရာနှင့်ပထဝီအနေအထား

ကျွန်တော်တို့ ဖူန္မမ်းအုပ်စု ထန်နွဲကျေးရွာသည် တီးတိန်မြို့မှ(၂၃)မိုင်ကွာဝေးပြီး အုပ်စု(၁)ခု ကျေးရွာ(၄)ရွာဖြင့်ဖွဲ့စည်းထားပါသည်။ တောင်ကုန်းတောင်တန်းများထူထပ်ပြီး ကုန်းတွင်းပိုင်းတွင် တည်ရှိသောကျေးရွာဖြစ်ပါသည်။ ကျေးရွာအနီးတွင် မြစ်ချောင်းများ တည်ရှိသည်။ ၂၀၁၅ခုနှစ်မေလတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာအတွင်း မြေပြိုမှု ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများရှိပြီး ကျေးရွာအရှေ့ပိုင်မှ အနောက်ပိုင်းသို့ ပြောင်းရွှေ့ခဲ့ကြပါသည်။

ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ထန်နွဲကျေးရွာ၏ ရာသီဥတုအခြေအနေမှာ အအေးပိုင်းတွင် ကျရောက်၍ တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန်(၉၀)မှ (၁၀၀)လက်မအကြားတွင်ရှိသည်။ ကနေဒီတောင်ခြေတွင် တည်ရှိသည် ကျေးရွာဖြစ်သဖြင့် နှစ်စဉ်နှစ်တိုင်း မိုးများပြီး မိုးရေကြီးသဖြင့် မြေပြို တောင်ပြို ချောင်းရေကြီးခြင်းစသည် သဘာဝဘေးအန္တရာယ်များ ခံစားရသည့် ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ ပျားမွေးမြူသည့်အိမ်(၄)အိမ်ရှိပါသည်။ စီးပွားဖြစ်မွေးမြူခြင်း မဟုတ်သော်လည်း အနည်းငယ်ရောင်းချနိုင်ပါသည်။ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းအဓိက လုပ်ကိုင်ပြီး မြေလတ်မြေလပ်လည်းရှိကာ ရွှေ့ပြောင်းတောင်ယာ လုပ်ငန်း လုပ်ကိုင်ကြပါသည်။

ဖွံ့ဖြိုးမှုဆိုင်ရာ စိမံခန့်ခွဲမှုအခြေအနေ

ထန်နွဲကျေးရွာသည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိသော လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းခြင်း၊ ကျေးရွာတာဝန်ခံနှင့်ကျေးရွာလူထုတိုင်ပင်ဆွေးနွေး ပြီး ကျေးရွာအတွက် လိုအပ်ချက်များဖော်ထုတ်ကာ ဦးစားပေးအဆင့်သတ်မှတ်၍ သက်ဆိုင်ရာ ဌာနများသို့ တင်ပြတောင်းခံခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် NGO, INGO များထံ ချိတ်ဆက်ခြင်း၊ အလျှူရှင်များရှာဖွေခြင်း စသည်ဖြင့် ကျေးရွာတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားရောက်သည့် ရွာခံများကိုလည်း ကျေးရွာ၏ လိုအပ်မှုများ ပံ့ပိုးပေးနိုင်ရေး စည်းရုံးဆောင်ရွက်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အဘက်ဘက်တွင် အကူအညီများရရှိနိုင်ရေး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ရပ်မိရပ်ဖများမှ ဝိုင်းဝန်း ကြိုးစားဆောင်ရွက်ကြပါသည်။

စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က)သီးနှံစိုက်ပျိုးရေး

ထန်နွဲကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာ အာလူးနှင့် ပြောင်းဖူးဖြစ်ပါသည်။ ပဲအမျိုးမျိုး၊ မြေပဲ၊ ရာသီပေါ်သီးနှံများဖြစ်သည့် ငရုတ်သီး၊ ဂေါ်ဖီထုတ်၊ ပန်းဂေါ်ဖီ၊ မုန်ညင်း၊ ဖရုံ၊ ဂေါ်လခါးသီး၊ စတော်ပဲ၊ ရွှေဖရုံသီး၊ ပိန်းဥ၊ နှစ်ရှည်ပင်များဖြစ်သည့် ထောပတ်သီး၊ မျောက်ငှာ၊ စပျစ်၊ ပန်းသီးနှင့်လိမ္မော်ပင်များကို အနည်းငယ် စိုက်ပျိုးကြပါသည်။ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သဖြင့် အသီးအနှံ အထွက်နှုန်းလည်းအသင့်အတင့်ကောင်းမွန်ပါသည်။ ရေသွင်းစိုက်ပျိုးနိုင်ပါက စိုက်ပျိုးရေးပိုမို ဖြစ်ထွန်းအောင်မြင်မည်ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားနောက်၊ ဝက်၊ ဆိတ်၊ ဒေသကြက်(တိုင်းရင်းကြက်)၊ ဘဲများကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ နွားနောက်(၃၅)ကောင်၊ ဘဲ(၁၇)ကောင်၊ ကြက်(၄၁၃)ကောင်၊ ဝက်(၉၆)ကောင်နှင့် ဆိတ်(၇၄)ကောင် အသီးသီးမွေးမြူကြပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် စားကျက်မြေရှိသဖြင့် အတော်အတင့်ဖြစ်ထွန်းကြောင်း တွေ့ရှိရပါသည်။ ပျားမွေးမြူခြင်းလုပ်ငန်း အနည်း ငယ်ရှိပါသည်။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာ၏ အခြားဝင်ငွေရလုပ်ငန်းမှာ မျောက်ငှာသီး၊ ပန်းသီး၊ လိမ္မော်သီးနှင့် ဟင်းသီးဟင်းရွက် ရောင်းဝယ်ရေးလုပ်ငန်းဖြစ်ပြီး ဆိုဇံကျေးရွာ(သို့)ကလေးမြို့သို့ ရောင်းချပြီး ဝင်ငွေအနည်းငယ်ရရှိပါသည်။ အစိုးရဝန်ထမ်းအနည်းငယ်နှင့် ပြည်ပသို့ ခရီးသွား၍ အလုပ်လုပ်ရာတွင် ပြန်ပို့ငွေအနည်းငယ်ရှိပါသည်။

(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

ထန်နွဲကျေးရွာသည် ဘဏ်နှင့်ပတ်သက်၍ ဝန်ဆောင်မှုမရှိပါ။ အရေးပေါ် ငွေကြေးများလိုအပ်ပါက မိတ်ဆွေ(သို့)ဆွေမျိုးများထံသို့ တစ်လ အတိုးငွေ(၁၅%)ခန့်ဖြင့် ချေးယူကြပါသည်။ သမဝါယမအသင်း ဖွဲ့စည်းထားခြင်းမရှိပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းရံပုံငွေအား ၂၀၁၉ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အတိုးနှုန်းသက်သာစွာဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။

အခြေခံအဆောက်အုံနှင့်ဝန်ဆောင်မှုများ

(က)ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေး:ရွာတွင် ကားလမ်းပေါက်ပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် မြစ်၊ ချောင်းများ ရှိသဖြင့် မိုးရာသီတွင် မြေပြို၍လမ်းပိတ်ခြင်း၊ လမ်းပျက်စီးခြင်းစသည့်အခက်အခဲများအား နှစ်စဉ် နှစ်တိုင်းကြုံတွေ့လျက်ရှိပါသည်။ မြို့နယ်ရုံးစိုက်ရာ တီးတိန်မြို့သို့သွားရောက်သည့်အခါတွင် ဆိုင်ကယ်ဖြင့်သာ သွားလာနိုင်သည်။ ကျေးရွာသည် ကလေး-တီးတိန်လမ်းမကြီးမှ ၄မိုင် ခန့် အကွာတွင် တည်ရှိပြီး လမ်းမကြီးမှာ မြေသားလမ်းဖြစ်ပါသည်။ ရွာတွင်းလမ်း ရွာချင်းဆက်လမ်း များလည်း မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် မြေပြုခြင်း၊ မိုးရေတိုက်စားခြင်းတို့ကြောင့် လမ်း ပျက်ခြင်း ပြဿနာကြုံတွေ့နေကြပါသည်။ ထို့ပြင် ချောင်း၊ မြောင်းများစွာရှိသဖြင့် တံတားများ ရေတိုက်စားခြင်းကြောင့် ပတ်ဝန်းကျင်ကျေးရွာများနှင့် အဆက်အသွယ်ပျက်တတ်သည်။

(ခ) **ကျေးရွာမီးလင်းရေး**

ကျေးရွာတရွာလုံးပိုင် အသေးစားရေအားလျှပ်စစ်မှ လျှပ်စစ်မီးရရှိခဲ့သော်လည်း ချောင်းရေကြီးခြင်း၊ မြေပြုခြင်းဘေးဒဏ်ကြောင့် ပုံမှန်မီးမရနိုင်ပါ။ အထူးသဖြင့် ကျောင်းသား/သူ များအတွက် အခက်အခဲရှိလာပါသည်။ ထမင်းချက်နိုင်ရန်သော်လည်းကောင်း၊ အိမ်တွင်း ပရိဘောဂများနှင့် အခြားစီးပွားဖြစ်ထွန်းနိုင်သော လုပ်ငန်းများအတွက် လုံလောက်စွာရရှိနိုင်ရန် အကြီးစားဆိုလာစနစ်(သို့မဟုတ်) မဟာဓာတ်အားလိုင်းများ သုံးစွဲနိုင်ရန် စီမံထားပါသည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး**

စီးပွားရေးဆိုင်ရာလက်လှမ်းမီမှုမရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ ပိုင်ဆိုင် မှုနည်းသည်။ ထို့ပြင် တီဗွီ၊ ဂြိုလ်တုစလောင်းများ သုံးစွဲနိုင်ရန် လျှပ်စစ်မီး အဓိက လိုအပ်ပါသည်။ ကျေးရွာတွင် ဖုန်းအလုံး(၁၀၀)ခန့်ရှိပြီး တာဝါတိုင်မရှိသည့်အတွက် ဖုန်းလိုင်း မကောင်းပါသဖြင့် သတင်းအချက်အလက်များ ရရှိရန် ခက်ခဲနေပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။

ပညာရေး

ပညာရေးအနေဖြင့် ကျေးရွာတွင် ၂၀၂၀ခုနှစ်တွင် အလယ်တန်းကျောင်းရရှိပါသည်။ စာသင်ကျောင်း ဆောင်(၂)ဆောင်ရှိပြီး UNDPမှ ဆောက်လုပ်ပေးသည့်ကျောင်းဆောင်၏

အတိုင်းအတာ(၈၀'×၃၀'×၁၂')နံကပ်(၁)ထပ်နှင့် အစိုးရထောက်ပံ့(၁၂၀'×၃၀'×၁၂')ဖြစ်ပါသည်။ အလယ်တန်းအောင်မြင်ပြီးသည့်အခါ ရွာမှ(၃)မိုင်ဝေးသည့်အထက ဖူနွမ်းရွာသို့ အထက်တန်းအဆင့် ဆက်လက်သင်ကြားကြရပါသည်။ ပညာရေးတွင် ရေးတတ်ဖတ်တတ်သူ(၈၀%)ခန့်ရှိပါသည်။ အကျောင်းဆရာ/မအင်အား မလုံလောက်ခြင်း၊ တပည့်-ဆရာအချိုးမကျခြင်း၊ ကျောင်းသုံး သင်ထောက်ကူပစ္စည်းများ မလုံလောက်ခြင်း၊ အားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမမီခြင်းတို့ကြောင့် ကျောင်း၏အင်္ဂါရုပ်လိုအပ်ချက်များကို ဖြည့်နိုင်အောင် ကြိုးစားဆောင်ရွက်နေပါသည်။ ကျောင်းသူ/သားများလည်းပညာရေးလိုလားကြပါသည်။ သို့သော် ငွေကြေးလိုအပ်မှုပြဿနာကြောင့် အောင်မြင်မှုမရှိပါ။

ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေဌာနခွဲရှိသော်လည်း အဆောက်အဦ၊ အစိုးရဝန်ထမ်း အိမ်ယာမရှိသေးပါ။ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများ၊ ရုတ်တရက်ဖြစ်ပွားတတ်သောရောဂါ ဝေဒနာများအတွက် ဆေးဝါးနှင့် ကျန်းမာရေးအထောက် အပံ့ပစ္စည်းများမရရှိခဲ့သဖြင့် ကျေးရွာလူထုအတွက် အခက်အခဲဖြစ်လာသည်။ ပြင်းထန်သည့် ရောဂါဝေဒနာခံစားသူများအတွက် မြို့နယ်ပြည်သူ့ဆေးရုံပို့သို့ ပို့ဆောင်ရွက်အတွက်လည်း လမ်းပန်း ဆက်သွယ်ရေးမကောင်းသဖြင့် အချိန်မှီမရောင်နိုင်ခြင်းတို့ကြောင့် အသက်ဆုံးရှုံးသည်အထိဖြစ်တတ်သည်။

သောက်သုံးရေနှင့်ပတ်သက်၍ ကျေးရွာတွင် ရေလုံလောက်မှုမရှိပါသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးလည်း အတော်အသင့်ကောင်းမွန်ပါသည်။

ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကျေးရွာတာဝန်ခံများနှင့် ကျေးရွာသူ/သားများ ပူးပေါင်းပြီး သစ်တောပြုန်းတီးမှုများမဖြစ်ပေါ်စေရန် သစ်ပင်များစိုက်ပျိုးခြင်း၊ တောမီးမရှို့ရန် တားမြစ်ထားခြင်းများ ဆောင်ရွက်ကြပါသည်။ ထို့နောက် ရေထွက်ပင်ရင်းတွင် ရေအထွက်နှုန်းများစေရန် အတွက် သစ်ပင်များ စိုက်ပျိုးကြပါသည်။

ကျား-မ ရေးရာကိစ္စရပ်များ

ကျေးရွာတွင် ကျား-မအကြား ခွဲခြားဆက်ဆံခြင်းများမရှိပါ။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလည်းမရှိပါ။ သို့သော် ဒေသအခြေ အနေအရ အမျိုးသားများသည်အမျိုးသမီးများထက် လုပ်အားခ ပိုရရှိကြပါသည်။ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများနှင့် စီမံ ကိန်းလုပ်ငန်း

များဖြစ်သည့် မြစိမ်းရောင်စိမ်ကိန်းလုပ်ငန်းများတွင် အမျိုးသမီးပါဝင်မှုမှာ ၄၀%ကျော်ရှိပြီး တက်ကြွစွာပါဝင်လှုပ်ရှားကြောင်း တွေ့ရသည်။ ခေတ်အလိုက်အမြင်ကျယ်လာခြင်းကြောင့်ဖြစ်သည်။ ထက်မြက်သည့်အတွေးအခေါ်၊ သည်းခံနိုင်ခြင်း၊ ကြိုးစားလိုစိတ်ရှိခြင်းများကြောင့် ရပ်ရွာကိစ္စရပ်များတွင် တိုးတက်မှုရှိကြောင်း တွေ့ရသည်။ အိမ်ထောင်စုတစ်စု၊ ကျေးရွာတစ်ရွာ၊ နိုင်ငံတစ်နိုင်ငံတွင် အမျိုးသမီး မပါမဖြစ်နိုင်၊ မသာယာနိုင်၊ မပျော်ရွှင်နိုင်၊ မပြည့်စုံနိုင်ပါ။ ကျေးရွာတွင် အမျိုးသမီးများအခန်းကဏ္ဍ အရေးကြီး ကြောင်း တွေ့ရှိရပါသည်။

ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း နောက်ဆက်တွဲ(က)
(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ နောက်ဆက်တွဲ(ခ)
(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု နောက်ဆက်တွဲ(ဂ)
(၄)အဆိုပြုစီမံချက်လုပ်ငန်းများ နောက်ဆက်တွဲ(ဃ)
ဦးစားပေးစီမံချက် အဆိုပြုလွှာများ (၆)စောင်

နောက်ဆက်တွဲ(က)

ထန်နွဲကျေးရွာ ၊ ဖူနွမ်းကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်စာရင်းများ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ပညာအရည်	ဖုန်းနံပါတ်
၁။	ဦး ဇမ်းဒိုးပေါင်	ဦး ဟောက်ထန်	၄/တတန(နိုင်) ၀၂၉၈၄၃	၅၉	ဥက္ကဋ္ဌ	စတန်း	၀၉၄၅၅၀၀၆၃၅၁၁
၂။	ဦး ရှင်းကျင့်မုန်	ဦးတွောင်ခိုကျင့်	၄/တတန(နိုင်)၀၄၆၈၃၀	၃၈	အတွင်း ရေးမှူး	၁၀တန်း	၀၉၇၆၅၅၀၄၃၆၆
၃။	ဦး ပေါင်လင်းခိုင်	ဦး စိန်ဇဒါလ်း	၄/တတန(နိုင်)၀၅၂၇၁၈	၃၄	ဘဏ္ဍာရေးမှူး	၁၀တန်း	
၄။	ဒေါ် ဒိမ့်သန်းကျိန်	ဦး ကျင့်ဇထန်	၄/တတန(နိုင်)၀၄၁၃၂၈	၄၀	စာရင်းကိုင်	၁၀တန်း	
၅။	ဦး ပုမ်းခင်းဆူမ်း	ဦး	၄/တတန(နိုင်)၀၅၉၈၂၃	၄၂	အဖွဲ့ဝင်	၁၀တန်း	
၆။	ဒေါ် နိန်ရှင်းဟွဲ	ဦး ကျင့်ဆွင်းထန်	၄/တတန(နိုင်)၀၈၅၀၀၄	၃၉	အဖွဲ့ဝင်	၁၀တန်း	
၇။	ဒေါ် လွင်လျန်းဒိမ်း	ဦး ကမ်းဆွင်းထန်	၄/တတန(နိုင်)၀၄၅၃၂၉	၄၀	အဖွဲ့ဝင်	၁၀တန်း	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(ခ) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (ခ) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၂	၁၅	၂၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၈	၃၁	၅၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၉	၄၀	၇၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၇၁	၇၄	၁၄၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၃	၁၁၄	၂၂၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၃	၁၅	၂၈
စုစုပေါင်း		**၂၇၆**	**၂၈၉**	**၅၆၅**
စုစုပေါင်း အိမ်ထောင်စု		**၈၆**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ထန်နွဲကျေးရွာသည် အိမ်ခြေ(၈၆)အိမ်၊ အိမ်ထောင်စု (၈၆)စုဖြင့် ဖွဲ့စည်းထားပါသည်။ လူဦးရေမှာ ကျား/မစုစုပေါင်း(၅၆၅)ရှိပြီး အမျိုးသမီးဦးရေ ပိုများပါသည်။ (၁)နှစ်အောက် နို့စို့အရွယ် နည်းရခြင်းသည် အမျိုးသမီးများ ကိုယ်ဝန်ဆောင်သည့်အချိန်တွင် အာဟာရ ဓါတ်ချို့တဲ့ခြင်း၊ အလုပ်ပင်ပန်းစွာ လုပ်ကိုင်ရခြင်း၊ ဗီတာမင်ပါသည့်အစားအစာ ပြည့်ဝစွာ မစားသုံးနိုင် သည့်အတွက် ကြောင့် လမစေ့ဘဲမွေးဖွားခြင်း၊ မွေးဖွားသောကလေးသည် ချို့တဲ့ပြီး သေဆုံးခြင်းတို့ ကြောင့်ဖြစ်သည်။ အသက်(၆၅)နှစ်အထက် သက်ကြီးရွယ်အိုနည်းရခြင်းမှာ ကျေးရွာသည် ဆင်းရဲပြီး အလုပ်နှင့်အစားအသောက် မညီမျှခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ကျန်းမာသန်စွမ်းသူနည်းပါးခြင်းကြောင့် ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်✓☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂါရုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ✓
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ✓
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ✓
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ✓
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				မြင့် ☐ လတ်☐ နိမ့် ☐
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ✓
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကိုယ်ပိုင်လုပ်ငန်းတည်ထောင်နိုင်သောစီးပွားရေးလုပ်ငန်းရှင်မရှိပါ။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးသည်။ ကျေးရွာသည် ပညာရေးတွင် အားနည်းသည့်အတွက် နည်းပညာဖြင့် အလုပ်မရှာနိုင်ပါ။ အစိုးရဝန်ထမ်းလည်း မရှိသလောက်ရှားပါးပါသည်။ စားဝတ်နေရေးခက်ခဲမှုကြောင့် လူငယ်များ ပညာမရှာနိုင်ဘဲ တစ်နေ့လုပ်တစ်နေ့စားဖြင့် ဝင်ငွေရှာပြီး စုဆောင်းနိုင်မှုမရှိပါ။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၈၀၀၀	-	-
၇	ယာဉ်၊ စက်ကိရိယာ၊	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး					
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ <u>နေ့စားလုပ်သမားများ၏ လုပ်အားခသည် ဒေသအခြေအနေအရ အမျိုးသား များသည် အမျိုးသမီးများထက် လုပ်အားခပိုရသည်။ အဓိကလုပ်ငန်းမှာ တောင်ယာလုပ်ငန်း၊ ကျပန်း လုပ်ငန်းများဖြစ်သည်။ ဝင်ငွေရရှိမှုနည်းသဖြင့် လုပ်အားယူနိုင်သူနည်းသည်။ လူတစ်ဦး၏ တစ်ရက်လုပ် အားခသည် အိမ်ထောင်စု၏ တစ်ရက်ဝမ်းစာ မလောက်ပါ။</u>

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၆.၅	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	၆	ကောင်း ☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ✓	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၃၂.၅**			

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်

နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ထန်နဲ့ကျေးရွာသည် တောင်ပေါ်ရွာဖြစ်သည့်အပြင် ခြောက်ကမ်းပါးများ ပေါများသည့်နေရာဖြစ်သည်။ ရွှေပြောင်းတောင်ယာလုပ်ကိုင်ရန် မြေမလုံလောက်ပါ။ ကျေးရွာဇရိယာ၏ ၃ပုံ ၂ပုံခန့်သည် ချောက်ကမ်းပါး ပလပ်မြေများဖြစ်သောကြောင့် ဖြစ်သည်။ တောင်ယာမြေစုစုပေါင်းမှာ (၂၆.၅)ဧကခန့်သာ ရှိသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သတ္တုနှင့်သဘာဝသယံဇာတတွင်းထွက်ပစ္စည်းမရှိပါ။ သစ်တောပြုန်းတီးမှုကြောင့် တောတွင်းတိရစ္ဆာန်များနည်းပါးသည်။ ပုဇွန်သစ်ခွ စသည့် သဘာဝဆေးဖက်ဝင်အပင်များ အနည်းငယ်တွေ့ရသည်။ အခြား သဘာဝအရင်းအမြစ်မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိ သောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည် သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၄	၃၀	၄၇	၅
အိမ်အခြေအနေ	၄	၃၀	၄၇	၅
ကုန်ထုတ်လုပ်မှုနှင့်				

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း				
အိမ်ထောင်စု	၄.၇%	၃၄.၈၉%	၅၄.၆%	၅.၈၁%

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ <u>အိမ်ထောင်စုတိုင်းသည် မိမိတို့ ပိုင်ဆိုင်သည့်အိမ်မြေကွက်များဖြစ်ပြီး တောင်ယာမြေများနှင့် ဥယျာဉ်ခြံမြေများကိုလည်း မိမိလုပ်ကိုင်ဆောင်ရွက်နိုင်သမျှ မိမိပိုင်ဆိုင်မှုများ ဖြစ်ကြပါသည်။ သို့သော် ကျေးရွာသည် အလွန်ဆင်းရဲသဖြင့် အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုတွင် အဆင့်(၁)နှင့် အဆင့်(၄)သည် ကွာခြားမှုအနည်းအကျဉ်းသာ ဖြစ်ပါသည်။</u>

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၄	အခြားအစာပြောင်းလဲစား = ၈၅ %_ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂၁	အခြားအစာပြောင်းလဲစား = ၁၅ %_ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ <u>ကျေးရွာတွင် ဝမ်းစာဖူလုံမှုမရှိသဖြင့် အစာပြောင်းလဲစားကြခြင်းဖြစ်သည်။</u>

အထောက်အပံ့ယူ၊ ချေးယူ၊ လုပ်အားခ ကြိုယူသည့် အိမ်ထောင်စု အနည်းအငယ်သာရှိ၍ အချိန်သတ်မှတ်၍မရဘဲ အခြေအနေအရ ဖြစ်ပါ သည်။ ဝမ်းစာဖူလုံမှုမရှိခြင်းကို သုံးသပ်ကြည့်ရာတွင် စိုက်ပျိုးရေးနည်းပညာမရှိခြင်း၊ ရေသွင်းစိုက်ပျိုးနိုင် မှုမရှိခြင်း၊ ဝင်ငွေရသည့်အလုပ်ရှားပါးခြင်း၊ ငွေကြေးအရင်းအနှီးမရှိခြင်းများကြောင့်ဖြစ်သည်ဟုသုံးသပ်မိပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	၃	၃
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သက်ကြီးရွယ်အိုများနှင့် မုဆိုးဖို/မ၊ တခုလပ်မှ ဦးဆောင်သောမိသားစုများမှာ ကူညီစောင့်ရှောက်မှုအထူလိုအပ်သည့် သူများဖြစ်ကြသည်။ ကျေးရွာ၏ အဓိကထိခိုက်လွယ်မှုမှာ ကျန်းမာရေးပင်ဖြစ်ပါသည်။ အမျိုးသမီးဦးဆောင်ပြီး ဆင်းရဲသည့်အိမ်ထောင်စု (၁၀)အိမ်ရှိပြီး အဖွဲ့အစည်းများက ကူညီထောက်ပံ့ခဲ့ကြသော်လည်း အပြည့်အဝ မစောင့်ရှောက်နိုင်ခဲ့ပေ။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထန်နဲ့ကျေးရွာသည် ချောင်းမြောင်းများ၊ ကမ်းပါးများ ပေါများသည့် တောင်ပေါ်ရွာဖြစ်သဖြင့် နှစ်စဉ်မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ရွှေပြောင်းတောင်ယာမြေများ၊ သစ်တောပြုန်းတီခြင်း၊ မြေပြိုခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းများ ဖြစ်ပေါ်လာပါသည်။ ဤသို့ မြေပြိုခြင်း၊ သစ်တောပြုန်းတီးခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်ပေါ်လာပြီး ၄က်ဖျားရောဂါ၊ တီဘီရောဂါမှတဆင့် အခြားရောဂါအမျိုးမျိုး ဖြစ်ပေါ်လာတတ်သည်။ ဤသို့ထိခိုက်လွယ်မှုအမျိုးမျိုးရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် အစိုးရမှ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း လေ့လာသုံးသပ်ရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ထိခိုက်တက်ရောက်မှု အခြေအနေမျိုးမှာ အဓိက မိုးတွင်းရေကြီးနေချိန် ချောင်းရေကြီးမှု၊ မြေပြိုမှုအန္တရယ်များ မတော်တဆကြုံတွေ့ရတတ်သည်။ အလုပ်အကိုင်ရှားပါးသဖြင့် လူငယ်အချို့ အလုပ်လက်မဲ့သူဖြစ်သူများ၊ ဆင်းရဲသည့်အိမ်ထောင်စုများသည့်အတွက် ထိခိုက်သက်ရောက်လွယ်သူများနေကြသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

၎ယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	TYO	၁☐ ၂✓ ၃☐	၁၀၁	၈၁	၁၈၂	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၂	SRG	၁☐ ၂✓ ၃☐	၃	၁၀	၁၃	ပညာရေး ☐ ဌေးကြေး ✓ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐ သင့် ✓

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၃	TCF	၁✓ ၂☐ ၃☐	၄၀	၅၂	၉၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၄	TCC	၁☐ ၂✓ ၃☐	၂၄	၁၁	၃၅	ပညာရေး ☐ ငွေကြေး ✓ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ <u>ကျေးရွာအတွင်း လူထုအခြေပြု အဖွဲ့အစည်း(၄)ဖွဲ့ရှိပါသည်။ လူထုကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းသောအဖွဲ့(၂)ဖွဲ့နှင့် NGO မှ ဖွဲ့စည်းပြီးသော အဖွဲ့ (၂)ဖွဲ့ဖြစ်သည်။</u>

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Gret	၁☐ ၂✓ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ✓ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	UN Habetat	၁☐ ၂☐ ၃☐ ၄✓ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓
၃	AYO (အာရုံဦး)	၁☐ ၂✓ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	Corad	၁☐ ၂☐ ၃☐ ၄☐ ၅✓ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ✓

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းနည်းပါးသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၆	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၉	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၈၈**	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မြေယာအများဆုံးပိုင်ဆိုင်သူမှာ မြေဧက ၃၀မှ ၃၅ဧကအထိ ပိုင်ဆိုင်နိုင်

သော်လည်း ရာသီဥတုဆိုးရွားဒဏ်ကြောင့် ပိုင်ဆိုင်မှုလျော့ကျလာသည်။ ထို့ပြင် မြေယာမဲ့ မိသားစုလည်း ကျေးရွာအိမ်ထောင်စု၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်။ အကြောင်းရင်းမှာ လူဦးရေတိုးပွားလာသော်လည်း တောင်ယာမြေတိုးပွားခြင်းမရှိခြင်း၊ တောင်ယာတချို့ မြေပြိုဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုရှိခြင်း ကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျေးရွာမြေယာပိုင်ဆိုင်မှု နည်းပါးလာပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသွင်း (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၂	ရေလွဲဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□ မရှိ□မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✓မဖြေဆိုပါ□	ရှိ✓ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်□မဖြေဆိုပါ□	ရှိ✓ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ရေအရင်းမြစ်မှာ ချောင်းရေနှင့် စိမ့်စမ်းရေဖြစ်၍ တနှစ်ပတ်လုံး ရေလုံလောက်စွာရရှိပါသည်။ လက်ရှိတွင် ငွေကြေးအခက်အခဲများကြောင့် ရေသွင်းစိုက်ပျိုးနိုင်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပြောင်း	၅၀	တင်း	၃၀	၅၀	၄၀	မတ်	စက်တင်ဘာ	မြင့်□ လတ်□ နိမ့်✓	မြင့်□ လတ်□ နိမ့်✓
ပဲ	၄၀	တင်း	၁၅	၃၀	၂၀	စက်တင်ဘာ	ဇန်နဝါရီ	မြင့်□ လတ်□ နိမ့်✓	မြင့်□ လတ်□ နိမ့်✓

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
အာလူး	၃၅	ဝိဿ	၃၀၀	၅၀၀	၄၀၀	မတ်လ	ဧပြီလ	မြင့် ☐ လတ် ☐ နိမ့် ✓	မြင့် ☐ လတ် ☐ နိမ့် ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဘာဝဘေးဒဏ်ကြောင့် စိုက်ပျိုးမြေများလျော့ကျခြင်း၊ မြေဆီဓါတ်များရေတိုက်စား၍ ကျဆင်းခြင်း၊ မြေဩဇာမကျွေးနိုင်ခြင်း၊ ဖျက်ပိုးများကျပြီး ပိုးသတ်ဆေး မဖြန့်နိုင်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	–	–	–	–
လက်တွန်းထွန်စက်	–	–	–	–
အစေ့ချ ကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	–	–	–	–
ရေစုပ်စက်	–	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်				

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်ယာသုံးစက်ကိရိယာဝယ်ယူသုံးစွဲနိုင်သူများမရှိပါ။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ✓ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ✓ မဖြေဆိုပါ ☐

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ✓ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✓ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ဝယ်ယူရနိုင်သည် ✓မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓ မဖြေဆိုပါ ☐
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ✓
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ သီးနှံအထွက်တိုးစေရန်အတွက် ရေသွင်းစိုက်ပျိုးရန် ရေအရင်းအမြစ်အသင့်အတင့်ရှိခြင်း၊ ငွေကြေးအရင်းအနှီးရနိုင်ပါက လုပ်အားခေါ်နိုင်ပြီး၊ သီးနှံမျိုးစေ့များ အလွယ်တကူရရှိနိုင်ပါသည်။ မိမိတို့ပိုင်မြေများ အသုံးချ၍ရပါသည်။

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်✓ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ✓ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ✓ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ✓ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏သီးနှံထုတ်လုပ်မှုအတွက် ပြဿနာ အများအပြားရှိပါသည်။ ငွေကြေးအရင်းအနှီးမရှိသဖြင့် လုပ်အားမခေါ်နိုင်ခြင်းဖြင့်စိုက်ပျိုးမြေမတိုးချဲ့နိုင်မှု၊ မြေဆီလွှာထိန်းသိမ်းနိုင်ရေးအတွက် လေ့ကျားထစ်များမတူးနိုင်မှု၊ စိုက်ပျိုးရေမလုံလောက်မှုဖျက်ပိုးနှင့်ရောဂါများ မကာကွယ်နိုင်ခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီမရရှိနိုင်မှု၊ နည်းပညာအကူအညီနှင့် နည်းလမ်း မရှိမှု၊ လုပ်သားအင်အားရှားပါးမှုတို့ကြောင့် ပင်ဖြစ်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	-	
နို့စားနွား	-	
ကျွဲ	-	
မြင်း	-	

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မြည်း	-	
လား	-	
ဆိတ်	၃၈	၇၄
သိုး	-	
ဝက်	၆၅	၉၆
ကြက်	၅၈	၄၁၃
ဘဲ	၂	၁၇
နွားနောက်	၁၅	၃၅
ငါးလုပ်ငန်း		
ငါးကန်	-	
ပုဇွန်ကန်	-	
ဂဏာန်း မွေးမြူရေးလုပ်ငန်း	-	
ရေချို ငါးဖမ်းလုပ်ငန်း	-	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိက နွားနောက်၊ ဝက်၊ ဆိတ်၊ ကြက်နှင့် ဘဲစသည်တို့ မွေးမြူကြပါသည်။ သို့သော်လည်း မိသားစုတစ်စုက တစ်မျိုးထက်ပို မမွေးနိုင်ကြပါ။ စီးပွားဖြစ်အောင် မွေးနိုင်ရန် အစာများ၊ ဆေးဝါးများ လိုအပ်ပါသည်။ ငါးလုပ်ငန်းအတွက် တောင်ပေါ်ဒေသဖြစ်သဖြင့် မြစ်ချောင်းများမရှိခြင်း၊ ရေကန်တူးရန် ငွေကြေးမရှိခြင်းတို့ကြောင့် ငါးလုပ်ငန်း ဆောင်ရွက်နိုင်ခြင်းမရှိပါ။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်✓ မဖြေဆိုပါ ☐
ရေရရှိမှု	အလုံအလောက်ရနိုင်✓ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်✓ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ✓

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ✓ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ✓
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ✓
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်✓ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ✓
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ✓
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ✓
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ✓
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ✓
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ ☐
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးတိုးတက်စေရန်အတွက် စားကျက်မြေ၊ အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်ပါသည်။ လိုအပ်သော ရေရင်းမြစ်လည်း အလုံအလောက်ရရှိပါသည်။ ဝန်ဆောင်မှု ဈေးကွက်များအတွက် အဆင်ပြေပါသည်။ အစိုးရ(သို့)အဖွဲ့အစည်းတစ်ခုခုမှ ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးပါက မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်နိုင်မည်ဟု လေ့လာသုံးသပ်ရပါသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေ ရှားပါးသည် ☐ စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ✓
ရေရရှိမှု	ရေ ရှားပါးသည်☐ ရေ လုံးဝမရှိပါ☐ မဖြေဆိုပါ ✓
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ✓ မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူ မရပါ ☐ မဖြေဆိုပါ ☐
ချေးငွေ	ချေးငွေလွယ်ကူစွာ မရနိုင်ပါ ✓ ချေးငွေ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐
သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ✓ သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ✓ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ✓ ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်မရှိပါ ✓ လုံးဝ မရှိပါ ☐ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	ရေမြေအနေအထား မကောင်းပါ ✓ မဖြေဆိုပါ ☐
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☐ လုံးဝ ဝယ်ယူမရပါ ✓ မဖြေဆိုပါ ☐
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ✓ လုံးဝ ချေးငွေမရပါ ☐ မဖြေဆိုပါ ☐
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☐ သွင်းအားစုများ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ✓
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ✓ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ✓ မဖြေဆိုပါ ☐
ငါးဖမ်းခွင့် ရရှိနိုင်မှု	မလွယ်ကူပါ ✓ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးအတွက် ပြဿနာနှင့် အခက်အခဲများမှာ လိုအပ်သောချေးငွေ၊

ငွေအရင်းအနှီးမရရှိနိုင်မှု၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်မရရှိနိုင်မှု၊ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လက်လှမ်းမမှီနိုင်မှုနှင့် ကူးဆက်ရောဂါဖြစ်ပွားမှုများကြောင့်ဖြစ်သည်။

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
လုပ်သားအင်အား ရရှိနိုင်မှု	များ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ✓
လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း	ဈေးကွက်ကောင်းရှိသည် ☐ ဈေးကွက် အသင့်အတင့် ☐ မဖြေဆိုပါ ✓
ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း	ဈေးကွက်အခြေအနေကို ကောင်းစွာနားလည် သိရှိသည် ☐ အသင့်အတင့် နားလည်သည် ✓ မဖြေဆိုပါ ☐
လမ်းပန်းဆက်သွယ်ရေးအခြေအနေ	ကောင်း ☐ သင့် ✓ မဖြေဆိုပါ ☐
ကုန်ကြမ်း ရရှိနိုင်ခြင်း	ပေါများ ☐ သင့် ✓ မဖြေဆိုပါ ▢
လျှပ်စစ်မီး ရရှိနိုင်ခြင်း	ကောင်း ☐ သင့် ✓ မဖြေဆိုပါ ☐
ချေးငွေ ရရှိနိုင်ခြင်း	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည်☐✓ မဖြေဆိုပ◌ါ☐
အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း	နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ✓ မဖြေဆိုပါ ☐
အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း	ကျွမ်းကျင်စွာ တတ်မြောက်သည် ☐ အသင့်အတင့် ✓ မဖြေဆိုပါ☐
အလုပ်အကိုင် အခွင့်အလမ်း	များ ☐ အသင့်အတင့် ✓ မဖြေဆိုပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပညာမတတ်မြောက်မှုကြောင့် မွေးမြူရေးမဟုတ်သော လုပ်ငန်းတွင် လုပ်ကိုင်သူနည်းပါးသည်။ ရွာတွင် ထွက်ရှိသောအသီးအနှံများကို ဆိုဇန်ကျေးရွာသို့ ရောင်းချပြီး ဝင်ငွေအနည်းငယ်ရရှိသည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး ငွေကြေးအရင်းအနှီးရှိပါက ကုန်စိမ်း

အရာင်းအဝယ်နှင့် စက်ပြင်ဆိုင်၊ စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း၊ အပ်ချုပ်ဆိုင်၊ ယက္ကန်းယက်လုပ်ငန်း အောင်မြင်မည်ဟု လေ့လာသုံးသပ်ရ ပါသည်။

(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
လုပ်သားအင်အား ရရှိနိုင်မှု	ရှားပါး ✓ လုံးဝမရှိ ☐ မဖြေဆိုပါ ☐
လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်ရှိခြင်း	စျေးကွက်မကောင်း ✓ စျေးကွက်မရှိ ☐ မဖြေဆိုပါ ☐
စျေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း	စျေးကွက်အခြေအနေကို ကောင်းစွာ နားမလည် ✓ လုံးဝ နားမလည် ☐ မဖြေဆိုပါ ☐
လမ်းပန်းဆက်သွယ်ရေးအခြေအနေ	ညံ့ ✓ အလွန်ညံ့ ☐ မဖြေဆိုပါ ☐
ကုန်ကြမ်း ရရှိနိုင်ခြင်း	ကုန်ကြမ်းရရှိမှု နည်းသည် ✓ ကုန်ကြမ်း မရှိပါ ☐ မဖြေဆိုပါ ☐
လျှပ်စစ်မီး ရရှိနိုင်ခြင်း	ပုံမှန်မရပါ ✓ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐
ချေးငွေ ရရှိနိုင်ခြင်း	လိုသလောက် လွယ်ကူစွာ ချေးငွေမရရှိပါ ☐ ချေးငွေမရပါ ✓ မဖြေဆိုပါ ☐
အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း	နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရပါ ✓ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐
အလုပ်နှင့် လိုက်လျောညီထွေ ဖြစ်သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း	ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ ✓ လုံးဝ မတတ် ☐ မဖြေဆိုပါ ☐
အလုပ်အကိုင် အခွင့်အလမ်း	အလုပ်အကိုင်အခွင့်အလမ်းနည်း ✓ အလုပ်အကိုင် အခွင့်အလမ်း မရှိ ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လူအချို့သည် လက်မှုပညာများ ကျွမ်းကျင်သော်လည်း အလုပ်လုပ်ရန် စက်ရုံ အလုပ်ရုံများ ကြီးကျယ်သော ကိုယ်ပိုင်လုပ်ငန်းများမရှိခြင်းကြောင့် အလုပ်လက်မဲ့ပြဿနာများနှင့်ကြုံတွေ့နေရသည်။ အဓိကအားဖြင့် ငွေကြေးအရင်းအနှီးနှင့်နည်းပညာဆိုင်ရာ

ကျွမ်းကျင်မှုမရှိခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်ပါသည်။

(ဂ) ရွှေ့ပြောင်းလုပ်သားများ

(ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

